စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၆/၂၀၂၂

## ၂၀၂၂ ခုနှစ်၊ ဇွန်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ပန်းတနော်မြို့နယ်တွင် ငရုတ်ဈေးကောင်းရသဖြင့် စိုက်ပျိုးသူနှင့် စိုက်ဧကတိုးလာ
- ကုလားပဲရော မတ်ပဲပါ ဈေးတက်နေသော်လည်း မတ်ပဲဈေး ယခုလကုန် ပြန်ကျနိုင်ဟု ကုန်သည်အချို့ ခန့်မှန်း

### နိုင်ငံတကာဈေးကွက်

- ဂျပန်နိုင်ငံတွင် ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ယှဉ်ပြိုင်မှု မြင့်တက်လာခြင်း
- တောင်ကိုရီးယားနိုင်ငံ၌ ငွေကြေးဈေးကွက် မတည်မငြိမ်ဖြစ်မှုကို ကြိုတင်တုံ့ပြန်ရန် ဘဏ္ဍာရေး ဒုဝန်ကြီးက ကတိပြုခဲ့
- ယခုနှစ်အတွက် ထိုင်းအစားအစာ ပြည်ပတင်ပို့မှု ၅ ရာခိုင်နှုန်းတိုးတက်မည် ခန့်မှန်းခြင်း
- ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများ ဈေးတက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ ဆောက်လုပ်ရေး ကုမ္ပဏီများက စိုးရိမ်လာကြခြင်း
- ဂျာမန်စားသောက်ကုန်လုပ်ငန်းများက အီးယူသို့ အစီရင်ခံစာတင်ပြမှုများအတွက် ဖြေလျှော့ပေးမှုများ တောင်းဆို
- ထိုင်းနိုင်ငံသကြား ပြည်ပတင်ပို့မှု ထိန်းကျောင်းမည်
- အင်ဒိုနီးရှားအစိုးရက စားအုန်းဆီ တန်ချိန် ၁ သန်းခန့် ပို့ကုန်ခွဲတမ်းချ

### ပြည်တွင်းကုန်သွယ်မှုသတင်း

- ပြည်ပသို့တင်ပို့သော ကုန်စည်လိုင်းများနှင့်စပ်လျဉ်း၍ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဆီတို့အား ပို့ကုန်လိုင်စင်လျှောက် ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် သတ်မှတ်ထုတ်ပြန်ခြင်း
- မြန်မာနိုင်ငံအနေဖြင့် GDP ၏ ၅၈ ရာခိုင်နှုန်းခန့်မှာ ဝန်ဆောင်မှုကုန်သွယ်ရေးမှ ရရှိခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စတုတ္ထနေရာတွင်ရှိ
- ဓါတ်မြေဩဇာတင်သွင်းသူများ သိရှိရန် အကောက်ခွန်ဦးစီးဌာနမှ ကြေညာချက်ထုတ်ပြန်

### ပြည်ပကုန်သွယ်မှုသတင်း

- မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်သို့ တစ်လလျှင် ရေထွက်ကုန်တန်ချိန် ၈၀၀ မှ ၁၀၀၀ ကျော်အထိ ကုန်စည်စီးဆင်းလျက်ရှိ
- နိုင်ငံပိုင်မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းရန် ဒုတိယမြောက် Boeing 777-800 NG လေယာဉ် ရန်ကုန်လေဆိပ်သို့ရောက်ရှိ

### အထူးဆောင်းပါးများ

- တရုတ်နိုင်ငံ၏ နေ့လယ်ခင်း လက်ဖက်ရည်ဈေးကွက်

### ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail. com

## ပြည်တွင်းဈေးကွက်

### ပန်းတနော်မြို့နယ်တွင် ရေတ်ဈေးကောင်းရသဖြင့် စိုက်ပျိုးသူနှင့် စိုက်ဧကတိုးလာ

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ရေတ်ဈေးကောင်းရသဖြင့် ရေတ်စိုက်ပျိုးသူနှင့် စိုက်ဧကတိုးလာကြောင်း ပန်းတနော်မြို့နယ် ရေတ်စိုက်ပျိုးရေးနှင့် ဈေးကွက်ရှာဖွေရေးအသင်းဝင် ဦးခန့်ပိုင် ကပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်အတွင်း ယခင်က ရေတ်သီးသန့်စိုက်ပျိုးသူ ၉၇ ဦးမှ စိုက်ဧက ၃၂၅ ဧကသာရှိပြီး မေလအတွင်း မိုးကြိုရေတ်စိုက်ပျိုးသူ ၆၃ ဦးတိုးလာပြီး စိုက်ဧက ၂၉၆ ဧက တိုးလာကြောင်း၊ ပန်းတနော် မြို့နယ်တွင် ဧပြီလနှင့် မေလသည် မိုးကြိုရေတ်များစိုက်ပျိုးပြီးသည့်ကာလဖြစ်ကြောင်း၊ အဆိုပါဒေသတွင် နွေရေတ်စတင်ထွက်ရှိရူးဆွတ်ရောင်းချခဲ့သည့် မတ်၊ ဧပြီနှင့် မေလပထမပတ်က ရေတ်အခြောက် တစ်ပိဿာလျှင်ကျပ် ၅၅၀၀ မှ ၆၅၀၀ ထိ ဈေးကောင်းရရှိပြီး ယခင်နှစ် ရေတ်သီးထွက်ရှိသည့်ကာလ ရေတ်အခြောက် တစ်ပိဿာလျှင် ကျပ် ၃၅၀၀ ထိသာ ဈေးရရှိခဲ့ကြောင်း သိရသည်။

"လက်ရှိ ပန်းတနော်ဘက်မှာ နွေရေတ်တွေ ရောင်းချနေပြီး မိုးကြိုရေတ်တွေ စိုက်ပျိုးပြီးချိန်ဖြစ်ပါတယ်။ နွေရေတ်စိုက်တဲ့ကာလတစ်လျှောက် ရေတ်အခြောက်ဈေးက သိသိသာသာကို ကောင်းနေပါတယ်။ ဒီနှစ်ရေတ်သီးအထွက်နှုန်းကလည်း ကောင်းတယ်လို့ တောင်သူတွေကပြောကြပါတယ်။ ဒီနှစ်နွေရေတ်ကာလမှာ ရေတ်စိုက်သူနည်းခဲ့တော့ ရေတ်သီး အထွက်နှုန်းနည်းပြီး လက်ကျန်ရေတ်တွေနည်းနေလို့ ဈေးကောင်းရနေတာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူတွေက စိတ်ဝင်တစား စိုက်ပျိုးလာကြတာဖြစ်ပါတယ်။ ဒီနှစ် ရေတ်ဈေးက အတက်ဘက်မှာရှိနေပြီး နှစ်လကျော်ထိ တစ်ပိဿာကို ကျပ် ၆၅၀၀ ထိ ဈေးကောင်းရရှိနေပါတယ် ပန်းတနော်မြို့နယ် ရေတ်စိုက်ပျိုးရေးနှင့် ဈေးကွက်ရှာဖွေရေးအသင်းဝင် ဦးခန့်ပိုင်က ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် မိုးကြိုရေတ်ကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါဒေသမှထွက်ရှိသော ရေတ်အစိုနှင့် အခြောက်နှစ်မျိုးကို ဒေသဈေးကွက်အပြင် ပုသိမ်နှင့် ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချကြောင်း၊ ယခုနှစ်ရေတ်ထွက်ရာသီတွင် ကုန်သည်များက ရေတ်စိုက်ခင်းများထိ လာရောက်ဝယ်ယူသဖြင့် ဈေးကောင်းရရှိခြင်းဖြစ်ကြောင်းသိရသည်။ "ရေတ်ဈေးက အတက်ဘက်မှာဆိုတော့ စိုက်ရတာအားရှိပါတယ်။ ဒါကြောင့် မိုးကြိုရေတ်စိုက်ခဲ့တာ ဖြစ်ပါတယ်။ ရေတ်သီးဈေးက လက်ရှိအောက်မကျဘူးဆိုရင် စိုက်ပျိုးတဲ့သူအားလုံး အဆင်ပြေပါတယ်။ အခုမိုးကြိုရေတ်ကို စိုက်ကွတ်ဖော်ပြီး စိုက်ပြီးသွားပါပြီ" ဟု ပန်းတနော်မြို့နယ်မှ ရေတ်စိုက်ပျိုးသူ ဒေါ်မာမာအေးက ပြောပြ၍သိရသည်။

Source: ရတနာပုံသတင်းစာ

### ကုလားပဲရော မတ်ပဲပါ ဈေးတက်နေသော်လည်း မတ်ပဲဈေး ယခုလကုန် ပြန်ကျနိုင်ဟု ကုန်သည်အချို့ ခန့်မှန်း

ကုလားပဲဈေးတွေ ပြီးခဲ့တဲ့တစ်ပတ်အတွင်း မြင့်တက်လာပါတယ်။ ဈေးရနေတဲ့ အဓိကအချက်ကတော့ အထွက်နည်းတဲ့အတွက် အဝယ်လိုက်နေတာကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ အဓိကကတော့ ပြည်ပတင်ပို့နေတဲ့ ကုလားပဲတွေက ပိုဈေးတက်နေတာပါ။ ဒါပေမဲ့ တချို့အမျိုးအစားတွေလည်း အနည်းငယ်မြင့်တက်နေတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်(မေလ၂၈ ရက်နေ့)တွင် ကုလားပဲလုံးဖြူက ၂၃၀၀ ကနေ ၂၃၈၅ ကျပ်၊ ကုလားပဲလုံးဖြူကြီး ကတော့ ၂၅၅၀ ကျပ်ကနေ၂၅၈၅ ကျပ်၊ ကုလားပဲခြမ်းကတော့ ၃၁၀၀ ကျပ်ကနေ ၃၃၀၀ ကျပ်ပေါက်ဈေးရှိပြီး ဈေးငြိမ်နေပါတယ်။

မန္တလေးဈေးကွက် (မေလ၂၈ ရက်နေ့) တွင် ကုလားပဲ(v2) က တစ်အိတ်ကို ၁၄၈၀၀၀ ပေါက်ဈေးရှိပြီး ၄၀၀၀ ကျပ်၊ (v7) ကတော့ တစ်အိတ်ကို ကျပ် ၁၅၄၀၀၀ ကနေ ၁၅၅၀၀၀ ပေါက်ဈေးရှိပြီး ၄၀၀၀ ကျပ်၊ ကုလားပဲ၉၂၉ ကတော့ တစ်အိတ်ကို ၁၃၈၀၀၀ ပေါက်ဈေးရှိပြီး ၄၀၀၀ကျပ်၊ ကုလားပဲ(ထိုင်ဝမ်)ကတော့ တစ်အိတ်ကို ၁၃၄၀၀၀ ကနေ ၁၃၅၀၀၀ ပေါက်ဈေးရှိပြီး ၁၀၀၀၀ ကျပ် အသီးသီး ဈေးမြင့်တက်လာပါတယ်။

မုံရွာဈေးကွက်(မေလ၂၈ ရက်နေ့)တွင် ကုလားပဲ(ထိုင်ဝမ်) က တစ်တင်းကို ၄၅၅၀၀ ပေါက်ဈေးရှိပြီး ၂၅၀၀ကျပ်၊ ကုလားပဲ ၉၂၉ က တစ်တင်းကို ၄၆၅၀၀ ပေါက်ဈေးရှိပြီး ၂၀၀၀ ကျပ် ၊ ကုလားပဲ(v2) က တစ်တင်းကို ၄၉၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀ ကျပ် ဈေးတက်လာပါတယ်။

မကွေးဈေးကွက် (မေလ၂၈ ရက်နေ့)မှာလည်း ကုလားပဲ(ဟော်လန်)က တစ်တင်းကို ၄၄၂၀၀ ပေါက်ဈေးရှိပြီး ၄၀၀ကျပ်၊ ကုလားပဲ (၉၂၉) ကတော့ ၄၅၅၀၀ ပေါက်ဈေးရှိပြီး ၁၀၀၀ ကျပ်ဈေးတက်လာပြီး ၊ ကုလားပဲသေးကတော့ တစ်တင်းကို ၄၂၀၀၀ ပေါက်ဈေးနဲ့ဈေးငြိမ်နေတယ်လို့ သိရပါတယ်။

မတ်ပဲကတော့ တစ်ပတ်အတွင်း ထူးခြားတဲ့ကြီးကြီးမားမား ပြောင်းလဲမှုမျိုးမရှိခဲ့ပါဘူး။ ငွေကြေးဈေး အပြောင်းအလဲနဲ့ လကုန်ပိုင်းဖြစ်တဲ့အတွက်ကြောင့် အရောင်းအဝယ်အနည်းငယ်သွက်နေပြီး ဈေးအနည်းငယ်မြင့် တက်ခဲ့တယ်လို့တော့ ဆိုလို့ရပါတယ်။ ဒါပေမဲ့ လကုန်ပြီးရင်တော့ မတ်ပဲဈေးအခြေအနေက ပြန်ကျဆင်းနိုင်ခြေရှိ တယ်လို့လည်း ကုန်သည်အချို့က ခန့်မှန်းထားပါတယ်။

လက်ရှိအိန္ဒိယဝယ်ယူမှုကလည်းရှိနေပေမယ့် သတ်မှတ်ထားတဲ့ ငွေကြေးနဲ့အရောင်းအဝယ်ပြုလုပ်လို့မရတဲ့ အခြေအနေတွေကြောင့်မတ်ပဲဈေးကိုယခုထက်ပိုဆွဲချလို့မရကြောင်းကုန်သည်အများစုကတော့သုံးသပ်ထားပါတယ်။

Source: https://greenwaymyanmar.com/posts/chickpea_and_blackgram_Market

## နိုင်ငံတကာဈေးကွက်

### ဂျပန်နိုင်ငံတွင် ဩစတြေးလျ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအတွက် ယှဉ်ပြိုင်မှု မြင့်တက်လာခြင်း

လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်အသစ်များသည် ဂျပန်နိုင်ငံရှိ စိုက်ပျိုးမွေးမြူရေး ကုန်စည်အချို့အတွက် ဩစတြေးလျ၏ အကောက်ခွန်နှုန်းဆိုင်ရာ အားသာချက်များကို လျော့ကျစေရာ ယခုအခါ ဩစတြေးလျ ပို့ကုန် လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန် ယခင်ကထက် ပိုအရေးကြီးလာကြောင်း သိရှိရသည်။

ဩစတြေးလျ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ယုံကြည်စိတ်ချရသော ထောက်ပံ့မှုကို ထိန်းသိမ်းထားရန်၊ အစားအစာဘေးကင်းရေးနှင့် အရည်အသွေးသေချာမှုရှိစေရန်နှင့် ထူထောင်ထားသော လုပ်ငန်းချိတ်ဆက်မှုများကို တိုးပွားစေခြင်းဖြင့် ပို့ကုန်စဉ်ဆက်မပြတ်တင်ပို့မှုကို ထိန်းသိမ်းနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

သဘောတူစာချုပ်အသစ်များဖြစ်သည့် ဩစတြေးလျ- အိန္ဒိယဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက်နှင့် ဩစတြေးလျ-ဗြိတိန် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များသည် ဩစတြေးလျ၏ စိုက်ပျိုးရေးကုန်သွယ်မှု တိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ကြောင်း သိရှိရသည်။ သို့သော်လည်း အနာဂတ်တိုးတက်မှုသည် ဂျပန်နိုင်ငံကဲ့သို့ တည်ထောင်ထားပြီးဖြစ်သည့် ဈေးကွက်များနှင့် ဆက်ဆံရေး ခိုင်မာစေရန် နည်းလမ်းအသစ်များကို ရှာဖွေရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။ သဘောတူညီချက်အသစ်များ၏ အကောက်ခွန်အစီအစဉ်ဇယားများအရ ဂျပန်နိုင်ငံတွင် ဩစတြေးလျ၏ အကောက်ခွန်နှုန်းထားအားသာချက် လျော့နည်းလာသည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်သက်ဝင်ခဲ့သည့် ဂျပန်-ဩစတြေးလျ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (JAEPA) သည် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များအတွက် အကောက်ခွန်နှုန်းထားလျှော့ချ၊ ပယ်ဖျက်မှုများက ဩစတြေးလျတင်ပို့သူများအတွက် အခြားတင်ပို့သူများ နှင့်ယှဉ်ပြိုင်အားသာမှုကို ဖြစ်ပေါ်စေကြောင်း သိရှိရသည်။

JAEPA သည် ဩစတြေးလျ ပို့ကုန်လုပ်ငန်းရှင်များကို ဩစတြေးလျ၏ အကြီးဆုံးစိုက်ပျိုးမွေးမြူရေး ပို့ကုန် (၃) ခုဖြစ်သည့် အမဲသား၊ ဒိန်ခဲနှင့် ဝိုင်တို့အတွက် ယှဉ်ပြိုင်နိုင်သည့် အခွင့်ကောင်းပေးစွမ်းခဲ့သည်။ သို့သော်လည်း ဂျပန်နိုင်ငံ၏ FTAs အသစ်များကြောင့် ဤထုတ်ကုန်များအတွက် ဩစတြေးလျနိုင်ငံ၏ အကောက်ခွန်နှင့်ခွဲတမ်းနှုန်း အားသာချက်များမှာ လျော့နည်းလာကြောင်း သိရှိရသည်။

ဂျပန်၏ မကြာသေးမီက အမေရိကန်နှင့် Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) အဖွဲ့ဝင်များ နှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များ (FTAs) တွင် အမဲသားအတွက် အခွန်နှုန်းထားများမှာ JAEPA ထက်နည်းပါးသည်။ ဩစတြေးလျ ပို့ကုန်လုပ်ငန်းရှင်များသည် CPTPP အရ တန်းတူညီမျှစွာ ဝင်ရောက်ခွင့်ရှိသော်လည်း ဩစတြေးလျသည် ၎င်း၏ အဓိကပြိုင်ဘက်များထက် အကောက်ခွန်အသာစီးရနိုင်ခြင်း မရှိတော့ကြောင်း သိရှိရသည်။

၂၄-၃-၂၀၂၂ ရက်နေ့တွင် ဂျပန်-အမေရိကန် ကုန်သွယ်ရေးသဘောတူစာချုပ် (Japan–United States Trade Agreement- JUSTA) အရ အမဲသားအတွက်အကာအကွယ်ကို ပြင်ဆင်ရန်သဘောတူညီချက်တစ်ခုရရှိခဲ့ရာ အစီအမံအသစ်များသည် မြင့်မားသောအခွန်စည်းကြပ်မှုအန္တရာယ်ကိုလျှော့ချခြင်းဖြင့် ဂျပန်နိုင်ငံရှိ အမေရိကန်အမဲသား၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြင့်စေကြောင်း သိရှိရသည်။

ဂျပန်အမဲသားဈေးကွက်ရှိ ဩစတြေးလျ၏ဝေစုသည် ပမာဏအားဖြင့် ၂၀၁၈ တွင် ၅၁ ဒသမ ၃ ရာခိုင်နှုန်း မှ ၂၀၂၁ ခုနှစ်တွင် ၄၀ ဒသမ ၁ ရာခိုင်နှုန်းသို့လျော့ကျသွားသည်။ ၎င်းမှာ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန်နှင့် မက္ကဆီကိုနိုင်ငံတို့မှ ပြိုင်ဆိုင်မှုတိုးမြင့်လာခြင်းနှင့် ဩစတြေးလျလယ်သမားများ၏ နွားများကိုပြန်လည်စုဆောင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရသည်။

ဩစတြေးလျအမဲသားသည် ဂျပန်နိုင်ငံတွင် အထူးသဖြင့် လက်လီရောင်းချမှုကဏ္ဍတွင် အလွန်အမင်း ရေပန်းစားလျက်ရှိနေသည်။ COVID-19 ကပ်ရောဂါကိုဖြေလျှော့ပေးခြင်းဖြင့် အမဲသားဝယ်လိုအားကို ပိုမိုပံ့ပိုး ပေးမည်ဖြစ်သော်လည်း ဂျပန်အမဲသားဈေးကွက်သည် လာမည့်နှစ်များတွင် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

ဒိန်ခဲတွင်လည်း JAEPA အပြင် အီးယူ၊ နယူးဇီလန်နှင့် အမေရိကန်နိုင်ငံတို့က ဂျပန်နိုင်ငံသို့ တင်ပို့မှုအတွက် ကုန်သွယ်ရေးသဘောတူညီချက်များအရ ကောင်းမွန်သောဈေးကွက်ဝင်ခွင့်ရရှိထားပြီးဖြစ်သည်။ သို့သော် ဂျပန်နိုင်ငံသည်

ဒိန်ခဲတင်သွင်းမှုအတွက် နိုင်ငံအလိုက် ခွဲတမ်းစနစ်ကျင့်သုံးရာ ဂျပန်ဈေးကွက်တွင် ယှဉ်ပြိုင်မှုများမြင့်တက်လာစေကြောင်း သိရှိရသည်။

JAEPA အရ လက်မှတ်ရေးထိုးစဉ်ကတည်းက ဩစတြေးလျဝိုင်များသည် ဂျပန်ဈေးကွက်တွင် အကောက်ခွန်ကင်းလွတ်ခွင့်ရရှိနေပြီဖြစ်ပြီး၊ ဂျပန်နိုင်ငံသို့ ဩစတြေးလျဝိုင်တင်ပို့မှုသည် ၂၆ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဒေါ်လာ ၄၀ ဒသမ ၄ သန်းမှ ၂၀၂၁ ခုနှစ်တွင် ၅၁ ဒသမ ၂ သန်းအထိ တိုးလာခဲ့ကြောင်းသိရှိရသည်။ ဂျပန်-ဗြိတိန် သဘောတူစာချုပ်အရ ၂၀၁၈ ခုနှစ်တွင် ဝိုင်အတွက် အကောက်ခွန် ကင်းလွတ်ခွင့်ရရှိနေပြီဖြစ်သည်။ သို့သော် CPTPP နှင့် JUSTA တို့အရ ဝိုင်ကို ၂၀၂၆ ခုနှစ်တွင် အကောက်ခွန် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး၊ RCEP အရ ၂၀၃၆ ခုနှစ်တွင် အကောက်ခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

လက်ရှိတွင် အီးယူ၊ ချီလီနှင့် ဩစတြေးလျတို့က ဝိုင်ကို အကောက်ခွန် သုညရာခိုင်နှုန်းဖြင့် ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ ယင်းက အမေရိကန်၊ တောင်အာဖရိကနှင့် အာဂျင်တီးနားတို့ကဲ့သို့ ပြိုင်ဘက်များထက် သာလွန်ကောင်းမွန်စေပြီး၊ ဩစတြေးလျဝိုင်သည် ဂျပန်နိုင်ငံတွင် ထူးထူးခြားခြား ထုတ်ကုန်တစ်ခုအဖြစ်ရှိနေသေးကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံ၏ လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်အသစ်များက ဩစတြေးလျ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဂျပန်ဈေးကွက်တွင် ယှဉ်ပြိုင်မှုများမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရ သည်။ Source: Austrade

Source: ရှင်စောသု-စီးပွားရေးသံမှူး

## တောင်ကိုရီးယားနိုင်ငံ၌ ငွေကြေးဈေးကွက် မတည်မငြိမ်ဖြစ်မှုကို ကြိုတင်တုံ့ပြန်ရန် ဘဏ္ဍာရေး ဒုဝန်ကြီးက ကတိပြုခဲ့

တောင်ကိုရီးယားနိုင်ငံ၏ ဘဏ္ဍာရေးနှင့် နိုင်ငံခြားငွေလဲလှယ်ရေးဈေးကွက်သည် လက်ရှိအချိန်တွင် External Factor များ၏ ရိုက်ခတ်မှုအပေါ် အကဲဆတ်သော တုံ့ပြန်မှုဖြစ်နိုင်ချေ မြင့်မားနေကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ မတည်ငြိမ်မှုများနှင့် ငွေကြေးဈေးကွက်တည်ငြိမ်မှုရှိစေရန် တုံ့ပြန်မှုအစီအစဉ်များကို လိုအပ်သကဲ့သို့ အချိန်မဆိုင်းဘဲ ဝင်ရောက်ဆောင်ရွက်ကြရန် မူဝါဒပိုင်းဆိုင်ရာ တာဝန်ရှိသူများအား (၅-၅-၂၀၂၂) ရက် နေ့တွင် ဒုတိယဘဏ္ဍာရေးဝန်ကြီး Lee Eog-weon က US Federal Reserve ၏ငွေကြေးတင်းကျပ်မှုကို တန်ပြန်အရေးယူဆောင်ရွက်ရန် ဆွေး နွေးသည့် အစည်းအဝေးတစ်ခုတွင် ထပ်လောင်းပြောကြားခဲ့ပါသည်။

၃-၅-၂၀၂၂ ရက်နေ့တွင် အမေရိကန်ဗဟိုဘဏ်၏ အခြေခံနှုန်းထားကို (၀.၂၅ ~ ၀.၅) ရာခိုင်နှုန်းမှ (၀.၇၅ ~ ၁) ရာခိုင်နှုန်းသို့ တိုးမြှင့်ခဲ့ပြီးနောက် အဆိုပါ ဒုတိယဝန်ကြီး၏မှတ်ချက်သည် ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ နိုင်ငံတကာ အရင်းအနှီးနှင့် ငွေကြေးဈေးကွက်အခြေအနေများ၏ လှုပ်ခတ်မှုတွင် တောင်ကိုရီးယား၏ ဘဏ္ဍာရေးဈေးကွက် မတည်ငြိမ်မှုများမှာလည်း မလွှဲမရှောင်သာ ပိုမိုကျယ်ပြန့်လာကြောင်း၊ သက်ဆိုင်ရာအေဂျင်စီများ နှင့် အနီးကပ်ညှိနှိုင်းဆောင်ရွက်ရာတွင် “အန္တရာယ်အမျိုးမျိုးကို ကြိုတင်ကာကွယ်ခြင်း” နှင့် “ဈေးကွက်တည်ငြိမ်မှုအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ” ကို ကြိုတင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဒုတိယဝန်ကြီးက မှာကြားခဲ့ပါသည်။

ပြင်ပမှ တုန်လှုပ်ချောက်ချားဖွယ်ရာ အဩွန်းကိန်းများကို ရိုက်ခတ်လာသောအခါ အစိုးရမှဦးဆောင်သော လုပ်ဆောင်ချက်အမျိုးမျိုးကို စည်းရုံးခြင်းဖြင့် စတော့ရှယ်ယာ၊ ကိုရီးယားဝမ်နှင့် အမေရိကန်ဒေါ်လာလဲလှယ်ရေး ငွေကြေးဈေးကွက် မတည်ငြိမ်မှုကိုလျှော့ချရန် အစိုးရကကြိုးပမ်းရမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဆိုစေကာမူ အမေရိကန်ဒေါ်လာနှင့် အစိုးရငွေချေးစာချုပ်များအပေါ် အတိုးနှုန်းနှင့် ငွေလဲနှုန်း မတည်ငြိမ်မှုအတိုင်းအတာ တို့သည် အခြားသောနိုင်ငံကြီးများမှ ချုပ်ကိုင်ထားသော အလားတူအဆင့်တွင်ရှိနေကြောင်း၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့် သမိုင်းကြောင်း တစ်လျှောက်တွင် ၎င်း၏ နိုင်ငံတော်ချေးငွေတန်ဖိုး အမြင့်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဧပြီလအထိ စာရင်းအရ ပြည်တွင်း၌ ပြင်ပ၏ လှုပ်ခတ်မှုများကို ကြံ့ကြံ့ခံနိုင်ရန် လုံလောက်သော နိုင်ငံခြားအရန်ငွေ (အမေရိကန်ဒေါ်လာ ၄၄၉ ဘီလီယံ) ရှိပါကြောင်း ဒုတိယဝန်ကြီး က ထောက်ပြသုံးသပ်ခဲ့ပါသည်။

ဒုတိယဝန်ကြီး၏ မှတ်ချက်များအရ နိုင်ငံခြားအရန်ငွေလုံလောက်စွာရှိသည့်တိုင် မူဝါဒပိုင်းဆိုင်ရာ လုံလောက်သော ပြင်ဆင်မှုများမရှိထားပါလျှင် နောက်ဆုံးတွင် ခံနိုင်ရည်မရှိနိုင်သည့်သဘောရှိ၍ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ကြရန် ဆိုလိုထောက်ပြခြင်းဖြစ်ပါသည်။ ၆-၅-၂၀၂၂ ရက်နေ့ တွင် ငွေလဲလှယ်မှုနှုန်းထားသည် အမေရိကန်ဒေါ်လာ (၁) ဒေါ်လာလျှင် ၁၂၇၂ ဒသမ ၇ ဝမ်သို့ ရောက်ရှိခဲ့ပြီး၊ နောက်ဆုံး Session ထက် ၆ ဒသမ ၄ ဝမ် ပိုမိုမြင့်တက်လာခဲ့သဖြင့် ဝမ်ငွေတန်ဖိုး ကျဆင်းလျက် ရှိပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ စံနှုန်းအခြေခံအတိုးနှုန်းကို ၂၀၂၂ ခုနှစ်၊ ဧပြီ ၁၄ ရက်နေ့တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်ခဲ့ပြီး၊ တောင်ကိုရီးယားဗဟိုဘဏ် (ငွေကြေးမူဝါဒကော်မတီ) ၏ အတိုးနှုန်းသတ်မှတ်ခြင်းအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ မေလ ၂၆ ရက်နေ့၌ ထပ်မံပြုလုပ်ရန် စီစဉ်ထားကြောင်း သတင်းရရှိပါသည်။

Source: ဝင်းပပသူ- စီးပွားရေးသံမှူး

## ယခုနှစ်အတွက် ထိုင်းအစားအစာ ပြည်ပတင်ပို့မှု ၅ ရာခိုင်နှုန်းတိုးတက်မည် ခန့်မှန်းခြင်း

ရုရှား- ယူကရိန်းပဋိပက္ခနှင့် နိုင်ငံအများအပြားတို့တွင် အစားအစာမလုံလောက်မှုအပေါ် စိုးရိမ်မှုများကြောင့် ယခုနှစ်အတွက် ထိုင်းအစားအစာပြည်ပတင်ပို့မှုအနေဖြင့် ပထမသုံးလပတ်တွင် ၂၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီးနောက် ယခုနှစ်တစ်နှစ်လုံးအတွက် ၅ ရာခိုင်နှုန်းတိုးတက်မည်ဟု ထိုင်းအစားအစာ ပြည်ပတင်ပို့သူများက မျှော်မှန်းထားကြကြောင်း သိရှိရပါသည်။

ထိုင်းအစားအစာထုတ်လုပ်သူများအသင်း၏ ဂုဏ်ထူးဆောင်ဉက္ကဋ္ဌ Visit Limlurcha က ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် နိုင်ငံအများအပြားတို့အနေဖြင့် အစားအစာဖူလုံရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ တိုးပွားလာကာ အစားအစာတင်သွင်းသူများအနေဖြင့်လည်း အစားအစာပြတ်လပ်မှု မရှိစေရေးအတွက် အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြကြောင်း ဆိုပါသည်။

ကမ္ဘာ့အစားအစာ တင်ပို့ရောင်းချသူတစ်ဦးအနေဖြင့် ထိုင်းနိုင်ငံသည် ရုရှား-ယူကရိန်း ပဋိပက္ခမှ အကျိုးအမြတ်များရရှိခဲ့ကြောင်း၊ အစားအစာ ပြည်ပတင်ပို့သူများအနေဖြင့် ပထမသုံးလပတ်တွင် ထိုင်းဘတ်ငွေ ၃၂၄ ဘီလီယံအထိ တင်ပို့နိုင်ခဲ့ကြောင်းသိရှိရပါသည်။ ထိုင်းဘတ်ငွေ အားနည်းခြင်းကလည်း ပထမသုံးလပတ်တွင် အစားအစာတင်ပို့နိုင်ခဲ့ခြင်းအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ခဲ့ကြောင်း၊ စုစုပေါင်းတင်ပို့မှုတွင် စက်မှုလုပ်ငန်းအစားအစာထုတ်ကုန်များအနေဖြင့် နှစ်အလိုက်တွင် ၄၀ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ဘတ်ငွေ ၁၈၇ ဘီလီယံဖိုးပါဝင်ခဲ့ကြောင်း၊ လယ်ယာထုတ်ကုန် အစားအစာများအနေဖြင့် နှစ်အလိုက်တွင် ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် ဘတ်ငွေ ၁၃၈ ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

အများဆုံးတင်ပို့နိုင်ခဲ့သည့် ထုတ်ကုန် ၁၀ မျိုးတွင် အပင်နှင့်တိရစ္ဆာန်များမှ အဆီနှင့် စားသုံးနိုင်သော ဆီများ၊ သကြား၊ တင်လဲရည်၊ အစေ့အဆန်များ၊ ပြောင်း၊ အသားများနှင့် အခြားစားသုံးနိုင်သော တိရစ္ဆာန်အစိတ်အပိုင်းများ၊ ရေဘဝဲ၊ အိမ်မွေးတိရစ္ဆာန်အစားအစာများ၊ ဆန်၊ ငါးနှင့် ဟင်းခတ်အမွှေးအကြိုင်များပါဝင်ပါသည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ဈေးကွက်များတွင် အာဆီယံ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ဗြိတိန်၊ အိန္ဒိယ၊ နယ်သာလန်နှင့် ထိုင်ဝမ်တို့ ပါဝင်ကြကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် Zero Covid Policy မူဝါဒအရ အဓိကနယ်စပ်စစ်ဆေးရေးဂိတ်များကို ပိတ်လိုက်ခြင်းကြောင့် လတ်ဆတ်၊ အအေးခဲနှင့် အခြောက်ခံထားသော သစ်သီးဝလံများမှလွဲ၍ အစားအစာထုတ်ကုန် အများစုမှာ ပထမသုံးလပတ်တွင် တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း၊ နှစ်အလိုက် တွင် ၁၃ ရာခိုင်နှုန်း တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်အတွက် အစားအစာပြည်ပတင်ပို့မှုအနေဖြင့် ၅ ရာခိုင်နှုန်းတိုးတက်မည်ဟုခန့်မှန်းခဲ့ကြောင်း၊ စီးပွားရေးပြန်လည်နာလန်ထူလာမှု၊ ကုန်သွယ်ဖက်နိုင်ငံများအကြား စီးပွားရေးဆိုင်ရာလှုပ်ရှားမှုများ တိုးတက်လာခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကန့်သတ်ထိန်းချုပ်မှုများ၊ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် အစားအစာထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များ နှောင့်နှေးမှုနှင့် စွမ်းအင်ဈေးနှုန်းကြီးမြင့်မှု၊ လယ်ယာထုတ်ကုန် ကုန်ကြမ်းစရိတ်များ၊ သယ်ယူပို့ဆောင်ရေးနှင့် ထုတ်ပိုးမှုစရိတ်စကများ စသည့်များပြားလှသည့် အန္တရာယ်ရှိသည့် အချက်များစွာ ကျန်ရှိနေသေးကြောင်း သိရှိရပါသည်။

Source: Bangkok Post

Source: လွင်မျိုးဇော်- စီးပွားရေးသံမှူး

## ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများ ဈေးတက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ ဆောက်လုပ်ရေး ကုမ္ပဏီများက စိုးရိမ်လာကြခြင်း

၂၀၂၂ခုနှစ်၊ နှစ်ဦးပိုင်းမှစတင်၍ ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများ၏ ဈေးနှုန်းမှာ ၁၆ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း ဘယ်လ်ဂျီယံ ဆောက်လုပ်ရေးအဖွဲ့ချုပ်က ထုတ်ပြန်သည့် စစ်တမ်းအရသိရပါသည်။ ၎င်းအဖွဲ့ချုပ်အနေဖြင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများနှင့် ရုရှား-ယူကရိန်း ပဋိပက္ခတို့၏ သက်ရောက်မှုအပေါ် ဘယ်လ်ဂျီယံဆောက်လုပ်ရေးကုမ္ပဏီ ၃၀၂ ခုအား စစ်တမ်းကောက်ယူခဲ့ကြောင်း၊ စစ်တမ်း ကောက်ယူသည့် ကုမ္ပဏီများ၏ ထက်ဝက်ကျော်သည် ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းဈေးနှုန်းမတည်ငြိမ်မှု၊ ကုန်ကျစရိတ်မြင့်တက်မှုနှင့်ပစ္စည်းရရှိရန်ကြန့်ကြာမှုများကြောင့်

ဖောက်သည်များအတွက် customer quotes deadline ကိုလျှော့ချကြရပြီး၊ ကုမ္ပဏီများ၏ ၄၄ ရာခိုင်နှုန်းမှာ ရက်အနည်းငယ် သက်တမ်းရှိသည့် offer quotes များကိုသာပေးနိုင်သည်ဟုဆိုသည်။

အစိုးရပိုင်းအနေဖြင့် ဆောက်လုပ်ရေးကုမ္ပဏီများအတွက် ကုန်ကြမ်းဝယ်ယူရေးနှင့် ဆောက်လုပ်ရေး စာချုပ်များတွင် ပို၍ပြောင်းလွယ်ပြင်လွယ်ခွင့်ပြုပေးရန်နှင့် ကုန်ကြမ်းရရှိမှုအခက်အခဲကြောင့် စာချုပ်အမီ ဆောက်လုပ်လွှဲအပ်နိုင်ခြင်းမရှိသည့် ကုမ္ပဏီများအပေါ် ဘဏ္ဍာရေးအရ အရေးယူမှုများမှ ကာကွယ်ပေးရန် ဘယ်လ်ဂျီယံဆောက်လုပ်ရေးအဖွဲ့ချုပ်၏ စီအီးအိုဖြစ်သူ NikoDemeester က တောင်းဆိုထားကြောင်း သိရပါသည်။

ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားချိန်မှစတင်၍ ကုန်ကြမ်းပစ္စည်း ဈေးနှုန်းမြင့်တက်မှုကိုကြုံတွေ့ရကြောင်း၊ အထူးသဖြင့် သံမဏိ၊ သတ္တု၊ သစ်သား၊ ပိုက်ဆက်ပစ္စည်းနှင့် လျှပ်ကာပစ္စည်းများကဲ့သို့သော အရေးပါသည့် ကုန်ကြမ်းများရရှိနိုင်မှုအပေါ်တွင် သက်ရောက်မှုရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ သယ်ယူပို့ဆောင်မှုကြာမြင့်ချိန်သည် ပြီးခဲ့သည့်ဇန်နဝါရီလမှစတင်ကာ ပို၍ကြာရှည်လာခဲ့ကြောင်း၊ ဆောက်လုပ်ရေး ကုမ္ပဏီအများစု အနေဖြင့် ကုန်ကြမ်းပြတ်လပ်မှုကြောင့် ၎င်းတို့၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်အချို့ ပိတ်သိမ်းရမည့် အခြေအနေနှင့် ကုန်ကြမ်း အခက်အခဲဆက်လက်ဖြစ်ပေါ်နေပါက ဆုံးရှုံးမှုကြီးမားနိုင်သည့်အခြေအနေတို့အပေါ် စိုးရိမ်နေကြကြောင်း သိရပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စီးပွားရေးလုပ်ငန်းများအား အထောက်အကူပြုစေရေးအတွက် ဆောင်ရွက်ခဲ့သည့် ယာယီအလုပ်လက်မဲ့အစီအစဉ်ကို ဘယ်လ်ဂျီယံနိုင်ငံ၊ ဖက်ဒရယ်အစိုးရက သက်တမ်းတိုးမြှင့်သွားရန် ဆုံးဖြတ်ချက်ကြောင့် စက်မှုလုပ်ငန်းကဏ္ဍအတွက် ဖိအားလျှော့ပါးစေခဲ့ကြောင်း၊ ပြီးခဲ့သည့် မတ်လ ၁၅ ရက်မှ ဧပြီလ ၁၅ ရက်ကာလ အတွင်း ဆောက်လုပ်ရေးကုမ္ပဏီများ၏ ၆၂ ရာခိုင်နှုန်းမှာ အလုပ်သမားများအား ခွင့်အဖြစ် သတ်မှတ်ပေးထားရကြောင်း သိရပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားနေခြင်းကလည်း ဆောက်လုပ်ရေးကဏ္ဍအပေါ်ထိခိုက်စေကြောင်း၊ ယူရိုဇုန်တွင်ငွေကြေး ဖောင်းပွနှုန်းသည် ပြီးခဲ့သည့်မတ်လတွင် ၇ ဒသမ ၅ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး၊ ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် ၈ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ငွေကြေးဖောင်းပွနှုန်းစံချိန်တင် မြင့်မားခဲ့ကြောင်း၊ ကုန်ဈေးနှုန်းနှင့် အလိုအလျောက် လိုက်ပါချိတ်ဆက် နေသည့် ဘယ်လ်ဂျီယံနိုင်ငံ၏ လုပ်ခလစာ တိုးမြှင့်နှုန်းထား အရ လုပ်သားအတွက် ကုန်ကျစရိတ် များမှာလည်း အနည်းဆုံး ၉ ဒသမ ၂၂ ရာခိုင်နှုန်းဖြင့် တိုးတက်လာနိုင်ကြောင်းသိရပါသည်။ ကန်ထရိုက်စာချုပ်များတွင် ဈေးနှုန်းပြင်ဆင်ချက် ပုံသေနည်း အသေးစိတ် ကို ရှင်းလင်းစွာ ထည့်သွင်းဖော်ပြခြင်းနှင့်အတူ စီးပွားရေးလုပ်ငန်းများ၏ စွမ်းအင်သုံးစွဲမှုအပေါ် စည်းကြပ်ခွန်များ လျှော့ချနိုင်ရေးကို ဘယ်လ်ဂျီယံဆောက်လုပ်ရေးအဖွဲ့ချုပ်က လုပ်ဆောင်လျက်ရှိကြောင်း သိရပါသည်။

ရင်းမြစ်-https://www.brusselstimes.com/belgium/219376/soaring-price-of-building-materials-puts-belgian-construction-companies-at-risk

Source: ကျော်စိန်ဝင်း – စီးပွားရေးသံမှူး

## ဂျာမန်စားသောက်ကုန်လုပ်ငန်းများက အီးယူသို့ အစီရင်ခံစာတင်ပြမှုများအတွက် ဖြေလျှော့ပေးမှုများ တောင်းဆို

ဂျာမနီနိုင်ငံရှိ စားသောက်ကုန်လုပ်ငန်းများသည် အီးယူအဖွဲ့အစည်းများက ဆွေးနွေးဆုံးဖြတ်ချမှတ်ထားသော Corporate Sustainability Reporting Directive (CSRD) နှင့်ပတ်သက်၍ တင်ပြရမည့်အစီရင်ခံစာများကို လက်ရှိ အကြပ်အတည်းကာလအခြေအနေများကြောင့် အကောင်အထည်ဖော်ရမည့်ကာလများကို တိုးမြှင့် သတ်မှတ်ပေးရန်နှင့် SMEs လုပ်ငန်းများကို ကင်းလွတ်ခွင့်ပေးရန် မေလ ၅ ရက်နေ့က တောင်းဆိုလိုက်ပါသည်။ CSRD နှင့်ပတ်သက်၍ စားသုံးသူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ သတင်းမီဒီယာများနှင့် နိုင်ငံရေးလေ့လာသူများက ဂျာမန်စားသောက်ကုန် လုပ်ငန်းများအနေဖြင့် ပွင့်လင်း မြင်သာမှုရှိသော ကြိုးပမ်းဆောင်ရွက်မှုများ ထွက်ပေါ်လာရန် မျှော်လင့်ထားရှိကြပါသည်။

Federal Association of the German Food Industry (BVE) ၏ မန်နေးဂျင်းဒါရိုက်တာနှင့် ဘရပ်ဆဲလ်ရုံး အကြီးအကဲဖြစ်သူMs.StefanieSabet ကဂျာမန်စားသောက်ကုန်လုပ်ငန်းများသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ကာလ အတွင်း စိုက်ပျိုးရေးဆိုင်ရာကုန်ကြမ်းပစ္စည်းများ၊ ထုတ်ပိုးမှုလုပ်ငန်း၊ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် စရိတ် ကြီးမြင့်မှုဒဏ်ကိုခံခဲ့ကြရပြီး ယခုအခါ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ထပ်မံ၍ကုန်ကြမ်းများပြတ်လပ်မှုနှင့် ဈေးနှုန်းကြီးမြင့် မှုတို့ကို ဆက်လက်ကြုံတွေ့နေရကြောင်း၊ အစိုးရအနေဖြင့် ဈေးကွက်ဝင်ရောက်မှု ဖြေလျှော့ပေးမှုနှင့် စားသောက်ကုန် လုံခြုံ စိတ်ချရမှုတို့ကို ချမှတ်ဆောင်ရွက်သင့်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုပြင်းထန်သည့်ကာလများ အတွင်း supply chains ပိုင်းတွင် အခက်အခဲများရှိခဲ့သော်လည်း ကွာဟမှုများစွာမရှိစေရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကုမ္ပဏီများသည် ကုန်ကြမ်း ဝယ်ယူ စရိတ်ကြီးမြင့်ခြင်းအပြင် စွမ်းအင်ရရှိမှုအခက်အခဲများသည်လည်း ကြီးမားသောအဟန့်အတားတစ်ခု ဖြစ်လာနေ ကြောင်း၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် အရေးကြီးပြီး စွမ်းအင်ပြတ်တောက်မှုရှိလင့်ကစား မဖြစ်မနေ ဆက်လက်

ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ CSRD နှင့်ပတ်သက်၍ Ms.Stefanie Sabet က အီးယူ၏ ညွှန်ကြားချက်များသည်သင့်တော်ပြီး ကြိုတင်ခန့်မှန်းနိုင်မှုရှိရန်လိုအပ်ကြောင်း၊ ယခုကဲ့သို့ Supply Crisis ဖြစ်နေသည့် အခြေအနေတွင် ကုမ္ပဏီများအတွက် မလိုလားအပ်သော ကုန်ကျစရိတ်များနှင့် အုပ်ချုပ်မှုဆိုင်ရာအတားအဆီးများဖြင့် ဝန်ထုတ်ဝန်ပိုးမဖြစ်စေရန် အရေးကြီးကြောင်း၊ ဘဏ္ဍာရေးနှင့်မသက်ဆိုင်သော တင်ပြမှုလိုအပ်ချက်များ (non-financial reporting requirements) ကို ကင်းလွတ်ခွင့်ပေးရန်သင့်ကြောင်း၊ အထူးသဖြင့် အစီရင်ခံစာတင်သွင်းရန် မလိုအပ်သေးသော ကုမ္ပဏီများအတွက် ပထမဦးဆုံးအကြိမ် တင်ပြမှုပုံစံသစ်များကို အနည်းဆုံး ၂၀၂၆ ခုနှစ်ထိတိုင်အောင် ရွှေ့ဆိုင်းအချိန် ပေးစေလိုကြောင်း၊ အီးယူအဖွဲ့အစည်းများ၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍ အထွေထွေစံနှုန်းများအပါအဝင် delegated act ကို သတ်မှတ်ပြဋ္ဌာန်းရန်မှာလည်း ဖြစ်နိုင်သည့် အလားအလာ နည်းပါးကြောင်း၊ အရည်အသွေးမီပြီး ပြည့်ဝသည့်စံနှုန်းများဖြစ်ရန်နှင့် Stakeholders များ၏ ပါဝင်ဆောင်ရွက်မှုများရရှိနိုင်ရန် ယခုထက် အချိန်ပိုမို လိုအပ်နေကြောင်း စသည်ဖြင့် ပြောဆိုခဲ့ပါသည်။

ဂျာမန်စားသောက်ကုန်လုပ်ငန်းကဏ္ဍသည် ဂျာမနီနိုင်ငံတွင် စတုတ္ထအကြီးဆုံး စီးပွားရေးလုပ်ငန်းဖြစ်ပြီး နှစ်စဉ်အရောင်းဝင်ငွေ ယူရို ၁၈၁ ဘီလီယံရှိပါသည်။ ကုမ္ပဏီပေါင်း ၆၁၀၀ ခန့်က လုပ်သားအင်အား ၆၁၀၀၀၀ ကျော်ဖြင့် အရည်အသွေးမြင့် စားသောက်ကုန်များကို ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိပါသည်။ အသေးစားအလတ်စားကုမ္ပဏီများဖြင့် လုပ်ကိုင်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းခန့်မှာ အလတ်စားလုပ်ငန်းများဖြစ်ကြပါသည်။ CSRD ကို Directive 2014/95/EU အရ ချမှတ်ထားပြီး ဦးဆောင်စစ်ဆေးမည့် အီးယူအဖွဲ့အစည်းများတွင် European Commission (EC)၊ the Council of the European Union နှင့် the European Parliament တို့ပါဝင်ပြီး CSRD အရ ကုမ္ပဏီကြီးများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှု၊ လူမှုရေးဆိုင်ရာနှင့် အလုပ်သမားများအပေါ် ဆက်ဆံဆောင်ရွက်မှု၊ လူ့အခွင့်အရေးလေးစားလိုက်နာမှု၊ အဂတိလိုက်စားခြင်းကင်းရှင်းမှု၊ ကုမ္ပဏီဘုတ်အဖွဲ့တွင်းညီတူညီမျှခန့်ထားဆောင်ရွက်မှု အချက်အလက်များကို ထုတ်ပြန်အစီရင်ခံရမည်ဖြစ်ပါသည်။ Source: https://www.bve-online.de/presse/pressemitteilungen

Source: သီတာဝင်းဌေး- စီးပွားရေးသံမှူး

## ထိုင်းနိုင်ငံသကြား ပြည်ပတင်ပို့မှု ထိန်းကျောင်းမည်

ကမ္ဘာ့သကြားထုတ်လုပ်မှုအများဆုံးနှင့် ကမ္ဘာ့သကြားတင်ပို့မှု ဒုတိယအများဆုံး အိန္ဒိယနိုင်ငံက ၆ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် သကြားပြည်ပတင်ပို့မှုကို တန်ချိန် ၁၀ သန်းထက် မပိုရလို့ ကန့်သတ်ပါတယ်။

ကမ္ဘာ့သကြားအများဆုံးတင်ပို့တဲ့ ဘရာဇီးနိုင်ငံက သကြားစက်ရုံတွေက သကြားထုတ်လုပ်ခြင်းအစား သကြားထက်တွက်ခြေပိုကိုက်တဲ့ အီသနောလောင်စာကို ထုတ်လုပ်နေကြတဲ့အတွက် ဘရာဇီးသကြား ပြည်ပတင်ပို့မှု ယခုနှစ်မှာ လျော့နည်းသွားနိုင်ပါတယ်။ ဘရာဇီးက အီသနော ကမ္ဘာ့ဒုတိယအများဆုံးထုတ်လုပ်တဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ကမ္ဘာ့သကြားဈေးကွက်ထဲ သကြားအဝင်နည်းတော့မှာမို့ သကြားဈေးမြင့်တက်လာပါတယ်။

ထိုင်းနိုင်ငံမှ ကြံနှင့်သကြားဘုတ်အဖွဲ့ရုံး Office of the Cane and Sugar Board (OCSB) က ကမ္ဘာ့သကြားဈေးမြင့်မားခြင်းကြောင့် ထိုင်းသကြားပြည်ပတင်ပို့မှု များပြားသဖြင့် ပြည်တွင်းသကြားဖူလုံမှု မထိခိုက်အောင် သကြားပြည်ပတင်ပို့မှုကို စောင့်ကြည့်ပြီး လိုအပ်လျှင် ထိန်းကျောင်းပေးမယ်လို့ OCSB အထွေထွေအတွင်းရေးမှူး Ekapat Wangsuwan က ပြောကြားပါတယ်။

"ကမ္ဘာ့သကြားဈေးနှုန်းများက လက်ရှိမှာတစ်ပေါင်ကို အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉ - သုည ဒသမ ၂၀ မှာ ရောက်နေပါတယ်။ တက်ရိပ် ရှိနေပါတယ်လို့ Mr Ekapat က ပြောကြားပါတယ်။

"ယခုနှစ် ၂၀၂၁-၂၂ ကြံရာသီမှာ ကြံထွက် မြင့်မားပါတယ်။ တန်ချိန် ၉၂ သန်းဝန်းကျင်ရှိပါတယ်။ ယခင်နှစ် ကြံရာသီမှာ တန်ချိန် ၆၆ ဒသမ ၇ သန်း ထွက်ပါတယ်"လို့ ၎င်းက ပြောကြားပါတယ်။

"ထိုင်းမှာ စက်ရုံထွက်သကြားကြမ်းဈေးနှုန်းက တစ်ကီလိုဂရမ်ကို ၁၇ ဒသမ ၂၅ ဘတ်ဖြစ်ပါတယ်။ သန့်စင်ပြီး သကြားက တစ်ကီလို ၁၈ ဒသမ ၂၅ ဘတ် ဖြစ်ပါတယ်" လို့ Mr Ekapat က ပြောကြားပါတယ်။

Source: https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4537-thai-sugar.html

## အင်ဒိုနီးရှားအစိုးရက စားအုန်းဆီ တန်ချိန် ၁ သန်းခန့် ပို့ကုန်ခွဲတမ်းချ

အင်ဒိုနီးရှားနိုင်ငံသည် အစိုးရ၏ ဟင်းချက်ဆီအစီအစဉ်တွင် စာရင်းပေးသွင်း မှတ်ပုံတင်ထားပြီးဖြစ်သော ကုမ္ပဏီများကို စားအုန်းဆီတင်ပို့ရန် ဦးစားပေးမည်ဖြစ်ပြီး ပြည်ပတင်ပို့ရန် စားအုန်းဆီတန်ချိန် ၁ သန်းခန့်ခွဲတမ်းချပေးထားကြောင်း အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက သောကြာနေ့ (မေလ ၂၇ ရက်)တွင် ပြောကြားခဲ့သည်။

စားအုန်းဆီထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံးဖြစ်သည့် အင်ဒိုနီးရှားသည် ပြည်တွင်းဟင်းချက်ဆီဈေးနှုန်းများ ကြီးမြင့်နေသည်ကို ထိန်းချုပ်ရန်ရည်ရွယ်၍ သုံးပတ်ကြာပြည်ပတင်ပို့ရောင်းချမှုပိတ်ပင်ပြီးနောက် မေလ ၂၃ ရက်မှ ပြန်လည် စတင်ခွင့်ပြုခဲ့သော်လည်း ကုမ္ပဏီများသည် ပြည်ပတင်ပို့မှု ပြန်လည်စတင်ရန် အစိုးရစည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ် ပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများကို စောင့်ဆိုင်းလျက်ရှိသည်။

အစိုးရက စားအုန်းဆီ ပို့ကုန်လုပ်ငန်းရှင်များကို လက်ကားဟင်းချက်ဆီ အစီအစဉ်တွင် ပါဝင်ခိုင်းထားသည်။ အစိုးရမှ ပြဋ္ဌာန်းထားသော ပြည်တွင်းဈေးကွက်တာဝန် Domestic Market Obligation (DMO) အရ တာဝန်ကျေသည့် ကုမ္ပဏီများသည် တာဝန်ကျေသည့်ပမာဏအရ ပြည်ပတင်ပို့ခွင့်ပမာဏ အနည်းအများကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။

"လောလောဆယ်မှာ အစိုးရက စားအုန်းဆီ တန်ချိန် ၁ သန်းလောက်ကို တင်ပို့ရန်ခွင့်ပြုဖို့လျာထားပါတယ်။ ဆီသိုလှောင်ကန်တွေပြည့်နေပြီး လက်ကားဟင်းချက်ဆီ အစီအစဉ်မှာ မှတ်ပုံတင်ထားတဲ့ စားအုန်းဆီ ထုတ်လုပ်သူတွေက ပို့ကုန်ပါမစ် ခွင့်ပြုမိန့်ကို ချက်ချင်း လျှောက်ထားနိုင်ပါတယ်" ဟု ကုန်သွယ်ရေး ဝန်ကြီးဌာန တာဝန်ရှိသူ Veri Anggriono က စားအုန်းဆီလုပ်ငန်းရှင်များကို သောကြာနေ့တွင် အသိပေးပြောကြားသည်။

ကုမ္ပဏီတွေက ပို့ကုန်ပါမစ်ကိုချက်ချင်းလျှောက်ထားရင် လမကုန်ခင်တင်ပို့နိုင်မယ်လို့ မျှော်လင့်ကြောင်း သူကပြောကြားပါသည်။ တန်ချိန် ၁ သန်းခန့် ခွဲတမ်းအတွက် သက်တမ်းကာလကို ပြောကြားခြင်းမပြုချေ။

မတ် ၁၆ ရက်မှ မေလ ၃၁ ရက်အထိ ပြည်တွင်းဈေးကွက်ထဲတွင် စားသုံးဆီအမြောက်အများ ဖြန့်ဝေသည့် ကုမ္ပဏီများသည် စားအုန်းဆီရန်ပုံငွေအေဂျင်စီထံမှ ထောက်ပံ့ကြေးငွေများရယူရန် သို့မဟုတ် ပို့ကုန်ပါမစ်ရယူရန် ရွေးချယ်နိုင်ကြောင်း စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Source: https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4538-indonesia-to-allocate-palm-oil.html

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ပြည်ပသို့တင်ပို့သော ကုန်စည်လိုင်းများနှင့်စပ်လျဉ်း၍ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့်စားဆီတို့အား ပို့ကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် သတ်မှတ်ထုတ်ပြန်ခြင်း

ပြည်ပသို့တင်ပို့သည့် ကုန်စည်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးစားနပ်ရိက္ခာဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်ရေးအစရှိသည့်ရည်ရွယ်ချက်များဖြင့် ပို့ကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် 2017 Customs Tariff of Myanmar အရ H.S Code 6 digit ဖြင့် ကုန်စည် (၇၈၉)လိုင်းH.S Code 10 digit ဖြင့် ကုန်စည် (၁၂၃၆)လိုင်းကို အမိန့်ကြော်ငြာ စာအမှတ် (၅၁/၂၀၂၀)နှင့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ (၃/၂၀၂၂) တို့ဖြင့် ထုတ်ပြန် သတ်မှတ်ထားပါသည်။

ယခုအခါ ကုန်သွယ်ဖက်နိုင်ငံနှင့်ချုပ်ဆိုထားသော စာချုပ်များအရ ပြည်ပသို့တင်ပို့ရာတွင် စနစ်တကျတင်ပို့နိုင်ရန် လည်းကောင်း နိုင်ငံတကာစားသုံးဆီရောင်းလိုအားနည်းခြင်းကြောင့် ပြည်တွင်းဈေးနှုန်းအပေါ် သက်ရောက်မှု လျော့ကျစေရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေးတို့အတွက် ဆီထွက် သီးနှံနှင့် စားဆီတင်ပို့မှုများအား ထိန်းညှိနိုင်ရန်လည်းကောင်း ပူးတွဲပါ 2017 Customs Tariff of Myanmar အရ ပဲမျိုးစုံအကျုံးဝင်သည့် H.S Code 6 digit ဖြင့် ကုန်စည်(၁၅ )လိုင်း သို့မဟုတ် H.S Code 10 digit ဖြင့် ကုန်စည် (၅၃) လိုင်းဆီထွက်သီးနှံ အကျုံးဝင်သည့် H.S Code 6 digit ဖြင့် ကုန်စည်(၁၄) လိုင်း သို့မဟုတ် H.S Code 10 digit ဖြင့် ကုန်စည် (၁၈) လိုင်းနှင့် စားဆီအကျုံးဝင်သည့် H.S Code 6digit ဖြင့် ကုန်စည်(၂၄)လိုင်း သို့မဟုတ် H.S Code 10 digit ဖြင့် ကုန်စည် (၁၁၀) လိုင်း၊ စုစုပေါင်း H.S Code 10 digit ဖြင့် ကုန်စည်(၁၈၁)လိုင်းကို ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများ အဖြစ် သတ်မှတ်လိုက်သည်။

သို့ဖြစ်၍ အထက်အပိုဒ် ၂ ပါ ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပသို့ ပင်လယ်ရေကြောင်းလေကြောင်းနှင့် နယ်စပ်ကုန်သွယ် ရေးလမ်းကြောင်းများမှ တင်ပို့ရာတွင် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်၍ လုပ်ထုံးလုပ်နည်း နှင့်အညီ ပို့ကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်ပို့ခွင့်ပြုမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန် လိုက်သည်။ Source: ကုန်သွယ်ရေးဦးစီးဌာန

## မြန်မာနိုင်ငံအနေဖြင့် GDP ၏ ၅၈ ရာခိုင်နှုန်းခန့်မှာ ဝန်ဆောင်မှုကုန်သွယ်ရေးမှ ရရှိခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား စတုတ္ထနေရာတွင်ရှိ

ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များ ဘဏ္ဍာတိုက် (Services Trade and Investment Portal–STIP) တည်ထောင်ထားရှိမှုနှင့်စပ်လျဉ်း၍ Beta Version အား အသိပေးရှင်းလင်းတင်ပြခြင်း အခမ်း

အနားကို (မေလ ၂၅) မွန်းလွဲ ၁၂ နာရီခွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကုန်သွယ်မှုကဏ္ဍတွင် ဝန်ဆောင်မှုကုန်သွယ်ရေးသည် အလားအလာကောင်းများရှိနေသည့်အတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာအောင်ဆောင်ရွက်၍ ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးထား ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အာဆီယံ၏ ၂၀၁၉ ခုနှစ်တွင် တရားဝင် ထုတ်ပြန်ထားသည့်စာရင်းအရ မြန်မာနိုင်ငံအနေဖြင့် GDP ၏ ၅၈ ရာခိုင်နှုန်းခန့်မှာ ဝန်ဆောင်မှုကုန်သွယ်ရေးမှ ရရှိခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင် စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ပြီးလျှင် စတုတ္ထနေရာတွင်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ အစီအမံ (Measures) များကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ ယခုတည်ထောင်ထား သည့် STIP Web Portal သည် ဝန်ဆောင်မှုကုန်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တစ်နေရာတည်းတွင် စုစည်းတွေ့မြင်ရမည့် Website ဖြစ်ပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို စုစည်းပြုစုထားရာတွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်အဖြစ်ပါဝင်ထားသည့် FATs များ၏ ကတိကဝတ်များနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုစုထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၂၅ (AEC 2025) လုပ်ငန်းစီမံချက်အရ အကောင်အထည်ဖော်ဆောင်ရွက်မှု များတွင် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ STIP Web Portal သည် မြန်မာနိုင်ငံ၏ ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍအတွက် များစွာ အထောက်အကူဖြစ်စေပါကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများနှင့်ဆက်စပ်သည့်ဦးစီးဌာန ၃၅ ခုမှ ကိုယ်စားလှယ် ၄၄ ဦးတို့ကိုယ်စား တာဝန်ခံညွှန်ကြားရေးမှူး၊ Developer Company မှ နည်းပညာဆိုင်ရာတာဝန်ခံတို့က ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များ၊ ဘဏ္ဍာတိုက်(Services Trade and Investment Portal–STIP)တည်ထောင်ထားရှိမှုနှင့် အသုံးပြုမှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ အနယ်နယ်အရပ်ရပ်ရှိ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များ ဘဏ္ဍာတိုက်တည်ထောင် ထားရှိမှုနှင့် အသုံးပြုမှုဆိုင်ရာများကို ပိုမိုရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် STIP တည်ထောင်ထားရှိမှုနှင့် စပ်လျဉ်းသည့် Beta Version အားအသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားများကိုလည်း ဆက်လက်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရပါသည်။ Source: ကြေးမုံသတင်းစာ (၂၆.၅.၂၀၂၂)

## ဓါတ်မြေသြဇာတင်သွင်းသူများသိရှိရန် အကောက်ခွန်ဦးစီးဌာနမှ ကြေညာချက်ထုတ်ပြန်

အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲက မြေသြဇာတင်သွင်းသူများ သိရှိနိုင်ပါရန် ကြေညာချက်အမှတ် (၁၀/၂၀၂၂) ကို ၂၀၂၂ ခုနှစ်၊ မေလ ၂၃ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာထားပါသည်။

မြေသြဇာတင်သွင်းသူများအနေဖြင့် သွင်းကုန်ကြေညာလွှာတင်သွင်းရာတွင် စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေး ဌာနခွဲသို့ ယခင် Manual နည်းလမ်းဖြင့် ထောက်ခံချက်ရယူမည့်အစား အကောက်ခွန်ဦးစီးဌာန၏ MACCS စနစ်ကို အသုံးပြု၍ ရေကြောင်းဖြင့် တင်သွင်းလာသည့် မြေသြဇာများအား စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိ/မရှိ ဓါတ်ခွဲစစ်ဆေး မည့်လျှောက်လွှာအား Attached ပြုလုပ်၍ IOA Sevice ဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲသို့ ၁.၆.၂၀၂၂ ရက်နေ့မှစတင်၍ OGA Approval လျှောက်ထား ရယူနိုင်မည်ဖြစ်ပါသည်။

ရေကြောင်းဖြင့် ရန်ကုန်ဇရိယာအတွင်း မြေသြဇာတင်သွင်းမှုအတွက် IOA Service ဖြင့် Application လျှောက်ထား ခြင်းအား ၁.၆.၂၀၂၂ ရက်နေ့မှ စတင်ကာ လျှောက်ထားနိုင်မည်ဖြစ်ပါကြောင်းနှင့် IOA Service ၏ Application Category တွင် E2 အား ရွေးချယ်ဆောင်ရွက်ရမည်။ စနစ်ဖြင့်လျှောက်ထားရယူမည်ဖြစ်ကြောင်းအား ကြေညာလွှာ၏ License Approval Type Code (၁၂)ကွက်တွင် သတ်မှတ်ထားသည့် Code ဖြင့် ဖြည့်စွက်ကြေညာခဲ့ရမည်။

ကုန်ကြောင်းဖြင့် နယ်စပ်ဒေသမှ တင်သွင်းမှုများအတွက် MANUAL ရယူထားသော ထောက်ခံချက် စာအမှတ်အား ကြေညာလွှာ၏ License Approval Type Code (၁၂) ကွက်တွင် Manual နည်းလမ်းအတွက် သတ်မှတ်ထားသည့် Code ဖြင့် ဖြည့်စွက်ကြေညာရမည်။

အသေးစိတ်သိရှိလိုပါက MACCS ဌာနခွဲ၏ Help Desk Section (01-379429) သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်း နိုင်ပါသည်။

ကြေညာလွှာတင်သွင်းသူများမှ သွင်းကုန်ကြေညာလွှာ၏ License/ Approval Type Code အကွက်တွင် ယခင် CAGF Code –CERTIFICATE OF AGRICUL TURE DEPARTMENT FOR FERTILIZER အစား အောက်ပါအတိုင်း ပြောင်းလဲဖြည့်စွက်ရမည်–

| Sr. | Approval Type Code | Reference Name |
|---|---|---|
| 1 | E2NM | OGA TEST APPROVAL NO. BY MANUAL FOR FERTILIZER (နယ်စပ်ဒေသမှ တင်သွင်းမှုများတွင် ထောက်ခံချက်စာအမှတ်နှင့်တကွ ဖြည့်စွက်ကြေညာရမည်။) |
| 2 | E2BA | OGA TEST APPLICATION NO. BY MACCS ISSUED BEFORE DECLARATION(ALL APPROVAL)FOR FERTILIZER (Before Declaration Pattern ဖြင့် လျှောက်ထားသည့်အခါ ဖြည့်စွက်ကြေညာရမည်)။ (ALL APPROVAL) |
| 3 | E2BP | OGA TEST APPLICATION NO. BY MACCS ISSUED BEFORE DECLARATION (PART DISAPPROVAL)FOR FERTILIZER (Before Declaration Pattern ဖြင့် လျှောက်ထားသည့် အခါ ဖြည့်စွက် ကြေညာရမည်)။ (PART DISAPPROVAL) |
| 4 | E2AD | NUMBER OF OGA TEST APPLICATION BY MACCS AFTER DECLARATION FOR FERTILIZER (After Declaration Pattern ဖြင့် လျှောက်ထားသည့်အခါ ဖြည့်စွက်ကြေညာရ မည်။) |
| 5 | E2AR | NUMBER OF OGA TEST APPLICATION BY MACCS AFTER RELEASE ORDER FOR FERTILIZER (ရန်ကုန်ဧရိယာအတွင်း မြေဩဇာတင်သွင်းမှုများအတွက် After Release Order Pattern ဖြင့် လျှောက်ထားသည့်အခါ ဖြည့်စွက်ကြေညာရမည်။ |

မှတ်ချက်။ ကြေညာလွှာတင်သွင်းသူများသည် ၁.၆.၂၀၂၂ ရက်နေ့မတိုင်မီ Preliminary Declaration သို့မဟုတ် Normal Declaration များ တင်သွင်းခဲ့ခြင်းဖြစ်ပါက အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ပြင်ဆင်သည့်ကိစ္စရပ်များရှိခဲ့ပါလျှင် IDD/ IDA01 Service တွင် မြေအသုံးချရေးဌာနခွဲအတွက် သတ်မှတ်ထားသော Approval Type Code များကို ပြင်ဆင်ဖြည့်စွက်ပေးရမည်။ MACCS စနစ်အတွင်းတွင် CAGF Code သည် ၃၁.၅.၂၀၂၂ ရက်နေ့အထိသာ Setting ထားရှိမည်ဖြစ်ပြီး ၁.၆.၂၀၂၂ ရက်နေ့မှစ၍ မြေအသုံးချရေးဌာနခွဲအတွက် သတ်မှတ်ထားသော Approval Type Code အသစ်ကို စတင်အသုံးပြုရမည်။

Source: အကောက်ခွန်ဦးစီးဌာန

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်သို့ တစ်လလျှင် ရေထွက်ကုန်တန်ချိန် ၈၀၀ မှ ၁၀၀၀ ကျော်အထိ ကုန်စည် စီးဆင်းလျက်ရှိ

နိုင်ငံတော်က စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကို အလေးပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ရေထွက်ကုန် တင်ပို့ရာတွင် ရခိုင်ပြည်နယ် နယ်စပ်ဂိတ်မှ ဘင်္ဂလားဒေ့ရှ်သို့ တစ်လလျှင်ရေထွက်ကုန်တန်ချိန် ၈၀၀ မှ ၁၀၀၀ ကျော်အထိ ကုန်စည်စီးဆင်းလျက်ရှိကြောင်း သိရသည်။

ပြီးလတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ရေထွက်ကုန်တင်သွင်းမှု လျော့နည်းခဲ့ခြင်းသည် ရာမဒန်ဥပုသ်ကာလဖြစ်ခြင်းကြောင့်ဖြစ်ပြီး မေလ ပထမပတ်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ငါးမြစ်ချင်းမွေးမြူသူများထံမှ ရေလမ်း၊ ကုန်းလမ်းပုံမှန်ကုန်စည်စီးဆင်းမှုဖြင့် နယ်စပ်ကုန်စည်စီးဆင်းမှုပြန်လည်အသက်ဝင်ခဲ့သည်။ လက်ရှိရင်ဆိုင်နေရသော စက်သုံးဆီဈေး မတည်ငြိမ်မှုကြောင့် ပို့ဆောင်ရေးစရိတ် ကြီးမြင့်လာခြင်း၊ ရောင်းချသော ကုန်စည်ဈေးနှုန်းတိုးမြင့်ရရှိမှုမရှိခြင်း၊ မွေးမြူရေးအစာစရိတ်မြင့်မားခြင်းတို့ကို ရင်ဆိုင်နေရသော်လည်း တစ်ဖက်နိုင်ငံမှ ဝယ်လိုအားရှိနေသော ရေထွက်ကုန်ကို စဉ်ဆက်မပြတ်တင်ပို့နိုင်မှုဖြင့် လုပ်ငန်းလည်ပတ်နိုင်ရန် ငါးမွေးမြူရေးသမားများ ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

ရေထွက်ကုန်တိုက်ရိုက်တင်ပို့နိုင်သော နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်စစ်တွေနှင့် မောင်တောတို့သို့ ရန်ကုန်မြို့မှ ငါးမြစ်ချင်းပိသာချိန် ၁၀၀၀ ခန့်နေ့စဉ်တင်ပို့လျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှစ်ခုမှလည်း ရေလမ်းနှင့် ကုန်းလမ်းတို့မှ တင်ပို့လျက်ရှိကြောင်း သိရသည်။

"တစ်ပိုင်တစ်နိုင်မွေးမြူသူတွေက စစ်တွေနဲ့ မောင်တောကို ကားနဲ့တင်လာပြီး စက်လှေပေါ်မှာ အခြားကုန်တွေနဲ့ ပေါင်းတင်ပြီးတော့မှ တစ်ဖက်နိုင်ငံကိုပို့တယ်။ ရန်ကုန်က လုပ်ငန်းကြီးမွေးမြူသူတွေက ငါးသယ်စက်လှေနဲ့တင်ပြီး စစ်တွေမှာ

အစစ်ဆေးခံပြီးတော့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်ဆိပ်ကမ်းကို တိုက်ရိုက်သွားတယ်။ အပြန်ရေလယ်မှာ ငါးရက် စောင့်ဆိုင်းပြီး ကျန်းမာရေးစစ်ဆေးမှုအောင်မြင်ရင် ရန်ကုန်ကို ပြန်ခွင့်ပြုတယ်။ ဆီဈေးတက်လာပေမယ် ကုန်ချိန်ဘယ်လောက်ပို့မယ်ဆိုတဲ့ စာချုပ်ကြောင့်ဖြစ်မယ်။ ကုန်သည်ကတော့ ငါးမြစ်ချင်းကို ဆက်တိုက်ပို့နေကြတယ်။ ပုံမှန်ကုန်စည်စီးဆင်းနေပါတယ်။ ငါးမွေးမြူသူတွေအတွက် ဘင်္ဂလားဒေ့ရှ်နယ်စပ်ဂိတ်ဟာ အရေးပါပါတယ်။ ကန်မှာဖမ်းဆီးရမယ့်အချိန်မှာ ဖမ်းဆီးပြီး ချက်ချင်းတင်ပို့ခြင်းဟာ မွေးမြူသူနဲ့ စားသုံးသူနှစ်ဦးနှစ်ဖက်အကျိုးရှိတယ်။ ဒီလရေထွက်ကုန်တန်ချိန် ၈၀၀ ကနေ ၁၀၀၀ ကျော်အထိ ကုန်စည်စီးဆင်းနေပါတယ်”ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

ရခိုင်ပြည်နယ်တွင် စစ်တွေမြို့ ရွှေမင်းဂံဂိတ်နှင့် မောင်တောမြို့ ကညင်ချောင်းဂိတ်တို့၌ ပြည်ပပို့ကုန် ရေထွက်ကုန်နှင့် ကုန်ခြောက်များကို ပူးပေါင်းအဖွဲ့ကစစ်ဆေးပြီး နိုင်ငံတော်သို့ နှစ်ရာခိုင်နှုန်းအခွန်ဆောင်၍လည်းကောင်း၊ ရေထွက်ကုန်စင်းလုံးပြတ်တင်ပို့သော စက်လှေများကို နှစ်ရာခိုင်နှုန်း၊ လှေအတွက် ငါးဒေါ်လာနှင့် မှတ်ပုံတင်ကြေး ဒေါ်လာ ၅၀ ကို မြန်မာငွေဖြင့် အခွန်သွင်း၍ ရေထွက်ကုန်များ တင်ပို့ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်သို့ ငါးမြစ်ချင်းကို အဓိကတင်ပို့လျက်ရှိပြီး ကုန်ခြောက်အဖြစ် ကြက်သွန်၊ မန်ကျည်းသီး၊ ချင်း၊ စီးသီးခြောက်နှင့် အခြားကုန်ခြောက်အချို့ကို  တင်ပို့လျက်ရှိကာ သွင်းကုန်အဖြစ် ပလေကပ်ပုဆိုး၊ ပလစ်စတစ်ဂါလီပုံး၊ ညှပ်ဖိနပ်၊ လူသုံးကုန်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းအချို့ ဝင်ရောက်မှုဖြင့် သွင်းကုန်ထက်ပို့ကုန်များသော နိုင်ငံခြားဝင်ငွေရရှိနေသည့်  နယ်စပ်ဂိတ်တစ်ခုဖြစ်သည်။

ပြီးခဲ့သော မိနီဘတ်ဂျက်ခြောက်လတွင်  မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်တန်ချိန် စုစုပေါင်း ၁၁၀၀၀ ကျော် တင်ပို့နိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်ရရှိခဲ့ပြီး ယခင်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းရရှိခဲ့သည်။ ယခုအခါ ရေထွက်ကုန်တိုးမြှင့်တင်ပို့မှုဖြင့် ယခင်ထက် နိုင်ငံခြားဝင်ငွေ ၅ ဒသမ ၃ သန်းခန့်ပိုမိုရရှိခဲ့သည်။ ဧပြီလတွင် ကုန်စည်စီးဆင်းမှုအေးစက်ခဲ့သော ရခိုင်ပြည်နယ် ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးသည် မေလတွင် ပြန်လည်အသက်ဝင်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။  Source: ကြေးမုံသတင်းစာ

## နိုင်ငံပိုင်မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းရန် ဒုတိယမြောက် Boeing 777-800 NG လေယာဉ် ရန်ကုန်လေဆိပ်သို့ရောက်ရှိ

နိုင်ငံပိုင် မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းရန် ဒုတိယမြောက် Boeing 777-800 NG လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မေ ၂၇ ရက်ညနေပိုင်းက ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

